
၂၀၁၈ခုနှစ်ထိ အသစ်ပြင်ဆင်ထုတ်ပြန်ထားသော

# ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာ

# မူဝါဒနှင့် ဥပဒေများ




**ပွိုင့် (ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့)**

အမှတ် (၆၈၇)၊ ကြို့ကုန်း စလမ်း(တောင်)၊ အရှေ့ကြို့ကုန်း၊ အင်းစိန် - ရန်ကုန်။

ရုံးဖုန်း / ၀၉-၂၅၄ ၂၄၉ ၄၉၄

ဖေ့(စ်)ဘွတ်လိပ်စာ / https://www.facebook.com/PromotionOfIndigenousandNatureTogether

အင်တာနက်လိပ်စာ / www.pointmyanmar.org

အီးမေးလ် / point.org.mm@gmail.com

POINT Promotion Of Indigenous and Nature Together ပွိုင့်-ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့

IWGIA

Norad

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏

၂၀၁၈ခုနှစ်ထိ အသစ်ပြင်ဆင်ထုတ်ပြန်ထားသော

## ဗှာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာ

# မူဝါဒနှင့် ဥပဒေများ

| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁။ | တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေ | ...... ၁ |
| ၂။ | ၂၁ရာစု ပင်လုံညီလာခံ FPIC နှင့်ပတ်သက်ပြီး တင်ပြထားသည့် စာတမ်းများ | ...... ၃ |
| ၃။ | အမျိုးသားမြေအသုံးချမှုမူဝါဒ | ...... ၆ |
| ၄။ | ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု အစီအမံများ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း | ...... ၈ |
| ၅။ | ကော်သူလေးမြေယာမူဝါဒ (KNU Land Policy) | .... ၁၂ |
| ၆။ | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ | .... ၁၇ |
| ၇။ | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ (Myanmar Investment Rules) | .... ၂၁ |
| ၈။ | အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများ သဘောတူစာချုပ် (ICESCR)အတွင်း၌ ဖော်ပြထားသော ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများ။ | .... ၂၅ |
| ၉။ | သစ်တောဥပဒေ | .... ၂၉ |
| ၁၀။ | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်(၂၀၁၈ ခုနှစ်) | .... ၃၁ |

# ၁

# တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေ



# FPICဆိုင်ရာ ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ဖော်ပြချက်များ

## တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ ပြဌာန်းလိုက်သည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ အခန်း(၄) ပုဒ်မ(၅)တွင် ဌာနေတိုင်းရင်းသားဒေသတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများအတွက် ဒေသခံများအားပြည့်စုံတိကျစွာ ကြိုတင်ချပြအသိပေးပြီး ညှိနှိုင်းဆောင်ရွက်ရန် ဖော်ပြထားသည်။

၅။ တိုင်းရင်းသားလူမျိုးများ၏ ဒေသအတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းကြီးများ၊ စီးပွားရေးလုပ်ငန်းများ၊ သဘာဝသယံဇာတထုတ်ယူသုံးစွဲခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက စီမံကိန်းအကြောင်းအရာများကို သက်ဆိုင်ရာဌာနတိုင်းရင်းသားလူမျိုးများအား ပြည့်စုံတိကျစွာ ကြိုတင်ချပြအသိပေး၍ ညှိနှိုင်းဆောင်ရွက်ရမည်။

# ၂

# ၂၁ရာစု ပင်လုံညီလာခံ FPICနှင့်ပတ်သက်ပြီး တင်ပြထားသည့် စာတမ်းများ



**၂၀၁၇ခုနှစ်၊ မေလ၊ ၂၉ရက် နေပြည်တော်တွင်ကျင်းပသော ၂၁ရာစု ပင်လုံညီလာခံဒုတိယနေ့တွင် သဘာဝသယံဇာတအရေး၊ ဖွံ့ဖြိုးရေး နှင့် စီးပွားရေးလုပ်ငန်းများတွင် သဘောထားရယူခြင်းကဲ့သို့သော ပြည်သူ့သဘောထားကို တောင်းခံသည့်စနစ်များ ကျင့်သုံးဆောင်ရွက် ရန် လိုအပ်ကြောင်းဖော်ပြခဲ့ပါသည်။**

## ၂၁ရာစု ပင်လုံညီလာခံ FPICနှင့်ပတ်သက်ပြီး တင်ပြထားသည့် စာတမ်းများ

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက နောင်လာမည့် ဆွေးနွေးပွဲ များတွင် ဗဟိုအစိုးရနှင့် တိုင်းဒေသကြီး/- ပြည်နယ်အစိုးရတို့၏ အခန်းကဏ္ဍအပြင် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် ပြည်သူများ၏ အခန်းကဏ္ဍကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်ပါကြောင်း၊ တိုင်းရင်းသားဒေသအသီးသီးတွင် ဆောင်ရွက်ရန်လျာထားသည့် ဖွံ့ဖြိုးရေးနှင့် စီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမပြုမီတွင် လွတ်လပ်စွာ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်းကဲ့သို့သော ပြည်သူ့သဘောထားကို တောင်းခံသည့်စနစ်များ ကျင့်သုံးဆောင်ရွက်ပါက ပဋိပက္ခကင်းသည့် ရေရှည်အကျိုးတည်တံ့သည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**၂၀၁၇ခုနှစ်၊ မေလ၊ ၂၉ရက် နေပြည်တော်တွင် ကျင်းပပြုလုပ်သော ပင်လုံညီလာခံတွင် တပ်မတော်မှတင်ပြသောစာတမ်းတွင်လည်း စီမံကိန်းများဆောင်ရွက်မည်ဆိုပါက ဒေသခံများနှင့် ဌာနေတိုင်းရင်းသားများ UNDRIPပါ အခွင့်အရေးများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း ထည့်သွင်းဖော်ပြထားပါသည်။**

## ၂၁ ပင်လုံညီလာခံတွင် တပ်မတော်မှ တင်ပြသော စာတမ်း

သံယံဇာတများစီမံခန့်ခွဲရာတွင် အစိုးရနှင့် ပြည်သူအကြား လက်တွေ့ကျသော မူဝါဒများကို ချမှတ်အကောင်အထည်ဖော်နိုင်ရန် သဘာဝသံယံဇာတဆိုင်ရာ ပဋိညာဉ်အတိုင်း တိကျစွာဆောင်ရွက် သင့်ပါသည်။

သံယံဇာတထုတ်ယူသုံးစွဲရာတွင် ဒေသခံပြည်သူများ၏ လူ့အခွင့်အရေး ချိုးဖောက်မှုမရှိစေရေး၊ ရေရှည်တည်တံ့စွာ လုပ်ဆောင်နိုင်ရေးနှင့် ပြည်သူများ၏ လူမှုဘဝလုံခြုံမှု အာမခံချက်ရှိစေရေးတို့အတွက် စီမံကိန်းဒေသရှိ ဒေသခံပြည်သူများနှင့် အကျေအလည်ညှိနှိုင်းဆွေးနွေးပြီး၊ နိုင်ငံတကာမူဝါဒဖြစ်သည့် **Volunteer Principle** အတိုင်း တိကျစွာ လုပ်ဆောင်သင့်ပါသည်။

ထို့အပြင် တိုင်းရင်းသာလူမျိုးစုများ၏ အခွင့်အရေးကို ကာကွယ်ပေးထားသော လမ်းညွှန်ချက်များပါဝင်သည့် ကြေညာချက် **United Nations Declaration of Rights for Indigenous People (UNDRIF)** အတိုင်း တိကျစွာ လိုက်နာလုပ်ဆောင်သင့်ပါသည်။

# ၃

# အမျိုးသားမြေအသုံးချမှုမူဝါဒ



## အမျိုးသားမြေအသုံးချမှုမူဝါဒ

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ၊ တွင် အတည်ပြု ပြဌာန်းခဲ့သော အမျိုးသားမြေယာအသုံးချမှု မူဝါဒအပိုင်း(၄) ပုဒ်မ(၃၃)(စ)တွင် **FPIC**ကို ဖော်ပြထားပါသည်။

### မြေလက်ဝါးကြီးအုပ်သိမ်းယူမှု ပြဿနာကိုတားဆီးနိုင်ရန်

(စ) သက်ဆိုင်သူများကို ကောင်းစွာကြိုတင်အသိပေးထားသည့် လွတ်လပ်သော သဘောထားဆန္ဒ ရယူခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာစိစစ်မှုနှင့် လူမှုရေးအကျိုးသက်ရောက်မှုဆိုင်ရာ ဆန်းစစ်ချက်များကို ဆောင်ရွက်ခြင်း။

(f) Conducting free, prior, informed, consent and environmental social impact assessment.

# ၄

# ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု အစီအမံများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း



## Social and Environmental Safegurd for REDD+ Program in Myanmar

## REDD+လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် လိုက်နာရမည့် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု အစီအမံများ

**(၁-၃)** REDD+လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် တိုင်းရင်းသား လူမျိုးစုများနှင့် ဒေသခံပြည်သူများ၏ မြေယာများ၊ နယ်နိမိတ်များနှင့် သဘာဝသယံဇာတများအပေါ် ထိခိုက်စေမည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ကောင်းစွာ ကြိုတင်အသိပေး သဘောတူညီချက်ရယူခြင်း (FPIC)လုပ်ငန်းစဉ်များကို ထည့်သွင်းဆောင်ရွက်ရမည်။

**(၁-၃-၁)** REDD- ဆိုင်ရာ မူဝါဒများရေးဆွဲရာတွင် တိုင်းရင်းသား လူမျိုးစုများ၊ ဒေသခံပြည်သူများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များ၊ အထူးသဖြင့် ယင်းတို့၏ မြေယာနယ်နိမိတ်များ၊ သဘာဝသယံဇာတများဆိုင်ရာ အခွင့်အရေးများအပေါ် ထိခိုက်စေမည့် ကိစ္စရပ်များတွင် ကောင်းစွာကြိုတင်အသိပေး သဘောတူညီချက်ရယူခြင်း (FPIC) ဆိုင်ရာလုပ်ငန်းစဉ်များကို ပေါင်းစပ်ထည့်သွင်းရေးဆွဲရမည်။

**(၁-၃-၂)** အများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် FPICလုပ်ငန်းများကို ယင်းသက်ဆိုင်သူများ ကိုယ်တိုင်သဘောတူချမှတ်ရမည်။ ထိုသို့ပြဋ္ဌာန်းရာတွင် အောက်ဖော်ပြပါအချက်များကို ထည့်သွင်းဆောင်ရွက်ရမည်-

(က) ဆက်စပ်ပတ်သက်သူများကိုယ်စား သဘောထားပြန်ကြားပေးမည့် အဖွဲ့အစည်း သို့မဟုတ် ကိုယ်စားလှယ်အား ယင်းတို့ကိုယ်တိုင်ရွေးချယ်ခြင်း။

(ခ) ပွင့်လင်းမြင်သာသည့် လုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်ခြင်း။

(ဂ) အမျိုးသမီးများနှင့် ထိခိုက်လွယ်သော လူတန်းစားများအပါအဝင် သက်ဆိုင်သူများအားလုံး၏ သဘောထားများကို ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်း။

**(၁-၃-၃)** တိုင်းရင်းသားလူမျိုးစုများနှင့် ဒေသခံပြည်သူများ၏ ကြိုတင်သဘောတူညီချက် (FPIC)ရယူရာတွင် အောက်ပါအချက်များနှင့်အညီ ဆောင်ရွက်သွားရမည် -

(က) မိရိုးဖလာ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ဆောင်ရွက်ခြင်း။

(ခ) အစဉ်အလာအရ ဝင်ရောက်နေထိုင်သုံးစွဲခွင့်ရှိသည့် မြေယာများ၊ နယ်နိမိတ်များ၊ သဘာဝသယံဇာတများအပေါ် ထိခိုက်စေနိုင်မည့် လုပ်ငန်းစဉ်များအားလုံးတွင် ဆောင်ရွက်ခြင်း။

(ဂ) REDD+အစီအစဉ်များ စတင်သည့်အချိန်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်သည့် အချိန်ကာလတစ်လျှောက်တွင် ဒေသခံများ၏ အခွင့်အရေးများအပေါ် ထိခိုက်စေနိုင်မည့် အချက်များအားလုံးကို ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်း။

(ဃ) အများသဘာတူသည့်နည်းလမ်းများကို အသုံးပြု၍ ဆောင်ရွက်ခြင်း။

**(၁-၃-၄)** စီမံကိန်းဧရိယာမှဖယ်ရှား၍ အခြားတစ်နေရာသို့ ပြန်လည်နေရာချထားရန် လိုအပ်ပါက ရွှေ့ပြောင်းနေရာချထားပေးမည့် မြေနေရာနှင့်စပ်လျဉ်း၍ ကြိုတင်သဘောတူညီချက်ရယူကာ ညီညွတ်မျှတစွာ ပြန်လည်ပံ့ပိုးပေးသွားရမည်။ ယင်းသို့ဆောင်ရွက်ရာတွင် -

(က) မည်သည့်ရွှေ့ပြောင်းခြင်း သို့မဟုတ် ပြန်လည်နေရာချထားခြင်းများ၊ ဆောင်ရွက်ရာတွင် FPIC လုပ်ငန်းစဉ်များနှင့်အညီ ဖြစ်စေရမည်။

(ခ) ယင်းသို့ဆောင်ရွက်ခြင်းအတွက် သဘောတူညီချက်များ ရေးဆွဲရာတွင် ငွေကြေးနှင့် နည်းပညာထောက်ပံ့ခြင်းအပြင် အခြားသော အစားထိုးဝင်ငွေရရှိစေမည့် အခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့ကို ထည့်သွင်းရေးဆွဲရမည်။

၅

# ကော်သူလေးမြေယာမူဝါဒ
# (KNU Land Policy)



# ကော်သူလေးမြေယာမူဝါဒ (KNU Land Policy)

## ကော်သူလေးမြေယာမူဝါဒတွင် မြေယာစီမံခန့်ခွဲမှုနှင့် ပတ်သက်ပြီး အများပြည်သူများနှင့် ကြိုတင်အသိပေးတိုင်ပင်မှုနှင့် သဘောထားရယူခြင်းဆိုင်ရာ(FPIC)ကို ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြထားသည်။

**၁. ၄. ၁၃။ ကြိုတင်၍ လွတ်လပ်စွာပေးသော သဘောတူခွင့်ပြုချက် (Fres, Prior and Informed Consent- FPIC ) -** သည် ဒေသခံရပ်ရွာလူထုများ၊ ၎င်းတို့၏ မြေယာများ၊ နယ်မြေများ သို့မဟုတ် သဘာဝသံယံဇာတများအား အကျိုးသက်ရောက်မည့် ကိစ္စများနှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်များချရာတွင် ပါဝင်ဆောင်ရွက်ခွင့်ကို ဆိုလိုသည်။ **FPIC** အခွင့်အရေးအား ဌာနေတိုင်းရင်းသားပြည်သူများ၊ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း **(UNDRIP)** တွင်ဖော်ပြပြီး၊ အခြားနိုင်ငံတကာ ကုလသမဂ္ဂကြေညာစာတမ်း **(UNDRIP)**တွင် ဖော်ပြထားပြီး၊ အခြားနိုင်ငံတကာ ဥပဒေတွင်လည်း ထည့်သွင်းရေးသားထားသည် လက်တွေ့အားဖြင့် ၎င်း၏ အဓိပ္ပါယ်မှာ စီမံကိန်းများ၏ ဒဏ်ခံရသော ရပ်ရွာလူထုများသည် စီမံကိန်းများအား ခွင့်ပြုခြင်းသို့မဟုတ် ငြင်းပယ်ခြင်းများ ပြုလုပ်သည့်အခါတွင် အတင်းအဓမ္မခိုင်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ ခြယ်လှယ်ခံရမှု သို့မဟုတ် အကြပ်ကိုင်ခံရမှုတို့မှ ကင်းလွတ်ပြီး၊ စီမံကိန်းအကောင်အထည်မဖော်မီ ဆက်နွယ်သည့် အချက်အလက်အားလုံးကိုလည်း သိရှိထားပြီး၊ ဖြစ်ရမည်။ ရပ်ရွာလူထုများအား သတင်းအချက်အလက်များပေးရာတွင် သီးခြားလေ့လာသုံးသပ်မှုဖြင့် သင့်တော်သည့် ဘာသာစကားနှင့်သင့်တော်သည့် ပုံစံဖြင့်ပေးရမည်ဖြစ်ပြီး၊ ဥပဒေနှင့် နည်းပညာ

ဆိုင်ရာအကြံပြုမှုများအား တောင်းဆိုလျှင် ပံ့ပိုးရမည်ဖြစ်သည်။ **FPIC**သည် ရပ်ရွာလူထုအပေါ် အကျိုးသက် ရောက်သည့် ဆုံးဖြတ်ချက်များနှင့်ပတ်သက်ပြီး ၎င်း၏ ဆွေးနွေးညှိနှိုင်းခွင့်ကို အကာအကွယ်ပေးကာ ရိုးရာအစဉ်အလာအရ ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းစဉ်အတွက်လည်း ခွင့်ပြုပေးထားသည်။

**၃. ၅. ၇။** မည်သည့်အများပိုင်မြေ (သို့မဟုတ်) ၎င်း၏ အစိတ်အပိုင်း တစ်ခုအား မည့်သည့်အချိန်တွင် မည်သည့်ဖွံ့ဖြိုးရေးစီမံကိန်း (သို့မဟုတ်) ရင်းနှီးမြှုပ်နှံမှုအတွက် ထိခိုက်ခံရနိုင်သည့် ပြည်သူများ (သို့မဟုတ်) ကျေးရွာလူထုအဖွဲ့အစည်းများ၏ **FPIC** မပါဘဲ အသုံးချခွင့် မရှိပါ။

**၃. ၆. ၂။** ထိန်းသိမ်းကန့်သတ်ထားသည့် မြေ **(Reserved Land )** - အဆိုပါမြေသည်ယခု (သို့မဟုတ်) နောင်တွင် ကရင်သစ်တောဌာန **(KFD)**က "သစ်တောကြိုးဝိုင်း"၊ ထိန်းသိမ်းထားခြင်းမရှိသည့် သစ်တောများ- "တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောများ၊" အမျိုးသားဥယျာဉ်နေရာများနှင့် ထိုကဲ့သို့ ထိန်းသိမ်းထားသော မြေများနှင့် ကပ်လျက်ရှိသည့် ကြားခံနယ်မြေများအတွက် သတ်မှတ်ပေးထားသော မြေများဖြစ်သည်။ ထိန်းသိမ်းကန့်သတ်ထားသည့် မြေယာသည် အဓိကကျသည့် လူမှုရေး၊ ဇလဗေဒဆိုင်ရာနှင့် ဂေဟဗေဒဆိုင်ရာအသုံးဝင်မှုများရှိပြီး၊ ၎င်းသည် ဗဟိုမြေယာကော်မတီနှင့် မိရိုးဖလာအရ အာဏာပိုင်များ၏ **FPIC** သို့မဟုတ် ကျေးရွာမြေယာကော်မတီ၏ ဆုံးဖြတ်ချက်အတိုင်း အများပြည်သူကောင်းကျိုးအား အထောက်အကူပြုရမည်ဖြစ်သည်။ **KFD**၏ သက်ဆိုင်ရာစည်းမျဉ်းများနှင့်အညီ အလွန်

ရှင်းလင်းပြတ်သားသည့် အခြေအနေများတွင် ဗဟိုမြေယာကော်မတီက ဆုံးဖြတ်ချက်ပြုရမည်ဖြစ်ပြီး၊ မိရိုးဖလာအရ အာဏာပိုင်များ သို့မဟုတ်၊ ကျေးရွာမြေယာကော်မတီ၏ **FPIC**နှင့်အတူ လူမှုရေးနှင့် ဂေဟဗေဒဆိုင်ရာအသုံးဝင်မှုနှင့် ပြည်သူလူထု၏ ကောင်းကျိုးတို့အား မထိခိုက်စေဘဲ ထိန်းသိမ်းကန့်သတ်ထားသည့် မြေယာအား စိုက်ပျိုးရေးအသုံးပြုမှုများတွက် အရည်အချင်းပြည့်မီသော ပြည်သူများနှင့် လူထုအသိုင်းအဝိုင်းများအား ချပေးနိုင်သည်။

**၃-၉-၁၀။** ကြိုတင်၍ လွတ်လပ်စွာအသိပေးသော သဘောတူခွင့်ပြုချက် **(FPIC)**မပါဘဲ ပြည်သူများ (သို့မဟုတ်) လူထုအသိုင်းအဝိုင်းများ၏ အိမ်ထောင်စုတခုချင်းစီ(သို့မဟုတ်) အစုလိုက် မြေယာလုပ်ပိုင်ခွင့်များအား ကျူးကျော်ထိပါးနိုင်သည့် သို့မဟုတ် ဝင်ရောက်စွက်ဖက်နိုင်သည့် မည်သည့်ရင်းနှီးမြုပ်နှံမှု (သို့မဟုတ်) ဖွံ့ဖြိုးရေးစီမံကိန်းမျိုးကိုမှ ရှေ့ဆက်ရန် ခွင့်ပြုမည်မဟုတ်ပါ။ ပြည်သူများအား ၎င်းတို့၏ လွတ်လပ်စွာအသိပေးသော သဘောတူညီခွင့်မရရှိဘဲ နေရာများမှ အတင်းအဓမ္မရွှေ့ပြောင်းစေခြင်းများ ဖြစ်စေနိုင်သည့် မည်သို့သော ရင်းနှီးမြုပ်နှံမှု (သို့မဟုတ်) ဖွံ့ဖြိုးမှုစီမံကိန်းမျိုးအား ရှေ့ဆက်ရန် ခွင့်ပြုမည် မဟုတ်ပါ။ ဗဟိုမြေယာကော်မတီ၊ ကျေးရွာလူထုအသိုင်းအဝိုင်းနှင့် မိရိုးဖလာအရ အာဏာပိုင်တို့၏ သဘောတူညီချက်ဖြင့် **KNU** ၏ ကနဦးပတ်ဝန်းကျင်ဆိုင်ရာအကဲဖြတ်ခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုအား ဆန်းစစ်ခြင်းလုပ်ထုံးလုပ်နည်းများနှင့် ဖွံ့ဖြိုးရေးစီမံကိန်းလေ့လာသုံးသပ်မှု မူဝါဒတို့နှင့်အညီ **KNU** ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ **(KNU EPC)**

၏ ထောက်ခံချက်ရရှိထားသည့် ရင်းနှီးမြှုပ်နှံမှု (သို့မဟုတ်) ဖွံ့ဖြိုးမှု စီမံကိန်းများကိုသာ ဆက်လက်လုပ်ဆောင်ရန်ခွင့်ပြုမည်ဖြစ်သည်။

**၄. ၁. ၄။** ဤမူဝါဒအတွင်းတွင် ဖော်ထုတ်ထားသည့် မြေယာလုပ်ပိုင်ခွင့်ပြန်လည်နေရာချထားခြင်း (သို့မဟုတ်) လွှဲပြောင်းခြင်းအား ထည့်သွင်းစဉ်းစားသည့်အခါတိုင်း **KNU**အာဏာပိုင်များသည် ထိခိုက်နိုင်မည့် မြေယာလုပ်ပိုင်ခွင့် ကိုင်ဆောင်ထားသူအားလုံးနှင့် အဓိပ္ပါယ်အပြည့်အဝရှိသည့် ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်မည်ဖြစ်ပြီး မည်သည့် စီမံကိန်းမစတင်မီ(သို့မဟုတ်) ဥပဒေ(သို့မဟုတ်) အုပ်ချုပ်ရေးဆိုင်ရာအရေးယူမှုများအား မပြုလုပ်ချင်၄င်းတို့၏ **FPIC**အား ရယူရန်ဖြစ်သည်။ ဆွေးနွေးတိုင်ပင်ခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းဆိုင်ရာ လုပ်ငန်းများအား မည်သည့်အနှောက်အယှက်မှမပါဘဲ စီစဉ်သွားမည်ဖြစ်ပြီး ရှင်းလင်း၍ တာဝန်ယူသည့်လုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်ကာ နိုင်ငံတကာလူ့အခွင့်အရေး အခြေခံသဘောတရားများနှင့်အညီ အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

၄

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ



# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ၊ ၁၈ ရက်) တွင်

၃၆။ ရင်းနှီးမြှုပ်နှံသူသည် နည်းဥပဒေများတွင်ဖော်ပြထားသော အောက်ပါလုပ်ငန်းများအား ကော်မရှင်သို့ အဆိုပြုချက်တင်ပြစေပြီး ခွင့်ပြုမိန့်ရရှိမှသာ ရင်းနှီးမြှုပ်နှံရမည်-

(က) နိုင်ငံတော်အတွက် မဟာဗျူဟာအရအရေးပါသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုး အစားများ၊

(ခ) မတည်ငွေရင်းကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုး အစားများ၊

(ဂ) သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူထုအပေါ်ကြီးမားသော သက်ရောက်မှုဖြစ်စေနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ဃ) နိုင်ငံတော်ပိုင်မြေနှင့် အဆောက်အဦးများ အသုံးပြုသည့်ရင်း နှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(င) ကော်မရှင်သို့ အဆိုပြုချက်တင်ပြစေရန် အစိုးရအဖွဲ့က သတ် မှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ။

(ဆ) သဘာဝသယံဇာတပစ္စည်းများ ရှာဖွေခြင်းနှင့် စမ်းသပ်တိုင်း တာခြင်း၊ ထုတ်လုပ်ခြင်းဆိုင်ရာအခွင့်အရေးများ အပါအဝင်

သက်ဆိုင်ရာ ဥပဒေ သို့မဟုတ် ပဋိညာဉ်စာချုပ်အရ ပေးအပ်ထားသည့် လုပ်ငန်းဆိုင်ရာအခွင့်အရေးများ။

၄၁။ အောက်ပါရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကိုတားမြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအဖြစ် သတ်မှတ်သည်-

(က) နိုင်ငံတော်အတွင်းသို့ ဘေးအန္တရယ်ရှိသော သို့မဟုတ် အဆိပ်အတောက်ရှိသော စွန့်ပစ်ပစ္စည်းများ သယ်ဆောင်လာနိုင်သည့် သို့မဟုတ် ပေါ်ပေါက်လာနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ခ) သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုရည်ရွယ်ချက်ဖြင့် ပြုလုပ်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှအပ ပြည်ပမှ စမ်းသပ်ဆဲဖြစ်သော သို့မဟုတ် အသုံးပြုရန်၊ စိုက်ပျိုးမွေးမြူရန်၊ အတည်ပြုချက်မရရှိ သေးသောနည်းပညာများ၊ ဆေးဝါးများ၊ အပင်နှင့် တိရိစ္ဆာန်မျိုးစိတ်များ အသုံးအဆောင်များ သယ် ဆောင်လာနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ဂ) နိုင်ငံတော်အတွင်း တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ထိခိုက်စေသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ဃ) ပြည်သူတို့အပေါ် ဘေးအန္တရာယ်ဖြစ်စေနိုင်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊


(င) သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့ကို ကြီးမားစွာထိခိုက်ပျက်စီးစေနိုင်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

၄၅။ ကော်မရှင်သည် ပုဒ်မ၄၄အရ ပြန်လည်သုံးသပ်ရာတွင် အစိုးရအဖွဲ့က ပြုလုပ်ထားသော နိုင်ငံတကာကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကတိကဝတ်များကို သွေဖီမှုမရှိစေရန် အလေးထား၍ ပုဂ္ဂလိကကဏ္ဍ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်နိုင်သည်။

၄၆။ ကော်မရှင်သည် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ လုံခြုံရေးအခြေအနေ၊ စီးပွားရေးအခြေအနေ၊ သဘာဝပတ်ဝန်းကျင်အခြေအနေနှင့် လူမှုအကျိုးစီးပွားကို ကြီးမားစွာ အကျိုးသက်ရောက်မှုဖြစ်စေနိုင်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများကို ခွင့်ပြုမိန့်ထုတ်ပေးရန် ဆောင်ရွက်သည့်အခါ အစိုးရအဖွဲ့မှ တစ်ဆင့်ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

၇

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ
# (Myanmar Investment Rules)



# အခန်း (၁၆)
# ရင်းနှီးမြှုပ်နှံသူများ၏ တာဝန်ဝတ္တရားများ

၆၅။ ရင်းနှီးမြှုပ်နှံသူသည်-

(က) နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ထုံးတမ်း၊ အစဉ်အလာ၊ ရိုးရာယဉ် ကျေးမှုတို့ကိုလေးစားလိုက်နာရမည်၊

(ခ) မိမိ၏ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာတွင်ကျင့်သုံးသည့် အကောင်းဆုံးစံချိန်စံညွှန်းများနှင့်အညီ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု၊ ညစ်ညမ်းမှု၊ နစ်နာမှုမဖြစ်စေရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိခိုက်ပျက်စီးမှုမဖြစ်ပေါ်စေရန်လိုက်ကို နာဆောင်ရွက်ရမည်။

(ဂ) ခွင့်ပြုမိန့်သို့မဟုတ် အတည်ပြုမိန့်ပါရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်နိုင်ရန်အတွက် လိုအပ်ချက်အရ ဆောင်ရွက်ခြင်းမှတစ်ပါး ရင်းနှီးမြှုပ်နှံမှုနှင့် မသက်ဆိုင်သော သစ်တောများခုတ်ထွင်ခြင်း၊ သဘာဝသယံဇာတများတူးဖော်ခြင်းစသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေခြင်းနှင့် လူမှုစီးပွားအပေါ် ဆုံးရှုံးမှုများဖြစ်ပေါ်စေပါက အဆိုပါဆုံးရှုံးနစ်နာမှုအတွက် ထိရောက်သည့်လျော်ကြေးကို နစ်နာသူထံသို့ပေးလျော်ရမည်၊


(ထ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေနှင့် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ ကြိုတင် ခွင့်ပြုချက်ရယူရန်လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများသည် ဆန်း စစ်ခြင်းများမလုပ်ဆောင်မီ ကော်မရှင်၏ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ကို ဦးစွာရယူရမည်။ ဤသို့ ကော်မရှင်၏ ခွင့်ပြု မိန့် သို့မဟုတ် အတည်ပြုမိန့်ရယူထားသည့် ရင်းနှီးမြှုပ်နှံမှုများ သည် ၄င်းတို့လုပ်ငန်းဆောင်ရွက်နေသည့် ကာလတလျှောက် လုံး လိုအပ်သည့် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက် ဆန်းစစ်ချက်များ ဆောင်ရွက်မှုအခြေအနေများကို ကော်မရှင် သို့ တင်ပြရမည်။

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနေမှ ၂၀၁၇ခုနှစ်၊ မတ်လ ၃၀ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။**

၆၁။ ကော်မရှင်သည် အဆိုပြုချက်ကိုစိစစ်ရာတွင် လိုအပ်ပါက အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်နိုင်ပြီး အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် လူပုဂ္ဂိုလ် သို့မဟုတ် အခြားလိုအပ်သောအရင်းအမြစ်များကို ကော်မရှင်သို့ ပံ့ပိုးပေးရမည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်သည့် ဥပဒေနှင့် အကျုံးဝင်သက်ဆိုင်နေပါက ကော်မရှင်သည် စိစစ်ရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် လည်းကောင်း သို့မဟုတ် ခွင့်ပြုမိန့်တွင်ပါဝင်ရမည့် အခြားအခြေအနေများအဖြစ် ထည့်သွင်းစဉ်းစားရာတွင်လည်းကောင်း သက်ဆိုင်ရာဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများ သို့မဟုတ် ပါဝင်ပတ်သက်သူများနှင့် သီးခြားဆွေးနွေးတိုင်ပင်ရန်၊ သဘောထားရယူရန်လိုအပ်ခြင်း ရှိ/မရှိ ထည့်သွင်းစဉ်းစားနိုင်သည်။

၈

# အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများ သဘောတူစာချုပ် (ICESCR)အတွင်း၌ ဖော်ပြထားသော ဌာနေ တိုင်းရင်းသားများ၏ အခွင့်အရေးများ။



## အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများ သဘောတူစာချုပ် (ICESCR)အတွင်း၌ ဖော်ပြထားသော ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများ။

မြန်မာနိုင်ငံသည် **ICESCR**ကို နိုင်ငံအတွင်း အကောင်အထည်ဖော်ဆောင်ရန်အတွက် သဘောတူလက်မှတ်ရေးထိုးထားသည့် နိုင်ငံတကာသဘောထူစာချုပ်ဖြစ်သည်။

**(OHCHR 2009b: Paragraph 36)** စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံသည် "ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးတစ်စုံတစ်ရာနှင့်ပတ်သက်၍ မည်သည့်ကိစ္စမဆို လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုဘောထားရယူခြင်း **(FPIC)**၏ စည်းမျဉ်းများအား လေးစားလိုက်နာရမည်။"

**(OHCHR 2009b: Paragraph 37)**ဟု စာချုပ်တွင် ဖော်ပြထားသည့်အတိုင်း ကြေညာထားခြင်းဖြင့် **ICESCR**နှင့်ပတ်သက်၍ လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုဘောထားရယူခြင်း **(FPIC)**၏ စည်းမျဉ်းများကိုလည်း အထွေထွေသဘောထားမှတ်ချက်၂၁မှ ဖော်ပြထားသည်။ လူထုသဘောထားရယူခြင်းအတွက် လိုအပ်သည်များကို ဖော်ပြရာတွင် "ဌာနေတိုင်းရင်းသားများ၏ မြေယာ၊ နယ်နမိတ်နှင့် အရင်းအမြစ်များအား ပိုင်ဆိုင်ခွင့်ရရန်၊ ဖွံ့ဖြိုးအောင်ပြုလုပ်ရန်၊ ထိန်းချုပ်ခွင့်ရရန်နှင့် အသုံးပြုခွင့်ရရန်၊ ထို့ပြင် ၄င်းတို့ထံမှ နည်းလမ်းအမျိုးမျိုးဖြင့် မတရားသိမ်းပိုက်ထားသော သို့မဟုတ် လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် သဘောထားရယူခြင်း

များမရှိဘဲ အသုံးပြုခြင်းများရှိပါက ထိုမြေယာများနှင့် နယ်နမိတ်များအား ဌာနေတိုင်းရင်းသားလူမျိုးများထံ ပြန်လည်ပေးအပ်ရန်။” **(OHCHR 2013: 20; OHCHR 2009b: Paragraph 36)** အစရှိသည်ဖြင့် စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံမှ မဖြစ်မနေ လုပ်ဆောင်ရန်များအား အထွေထွေသဘောထားမှတ်ချက် ၂၁မှ ဖော်ပြထားသည်။

## ဌာနေတိုင်းရင်းသားလူမျိုးများ၏ ဓလေ့အစဉ်အလာအသိပညာများနှင့်ဆိုင်သော အခွင့်အရေးများ


**CESCR** အထွေထွေသဘောထားမှတ်ချက်၁၇တွင် ဖော်ပြထားသော ဌာနေတိုင်းရင်းသားလူမျိုးများ၏ ဓလေ့ရိုးရာအသိပညာ သို့မဟုတ် သိပ္ပံ၊ စာပေ သို့မဟုတ် အနုပညာ ဟူသောခေါင်းစဉ်အရ **ICESCR** စာချုပ်ဝင်နိုင်ငံတစ်ခုချင်းစီမှ “ဌာနေတိုင်းရင်သားလူမျိုးများ၏ ယဉ်ကျေးမှုအမွေအနှစ်များ သို့မဟုတ် ဓလေ့ရိုးရာအသိပညာများအဖြစ် သတ်မှတ်ထားသော ၎င်းတို့၏ ထုတ်ကုန်များ နှင့်ပတ်သက်၍ ၎င်းတို့၏ အကျိုးအမြတ်များအား သေချာထိရောက်သော ကာကွယ်မှုပေးနိုင်ရန်အတွက် လုပ်ငန်းစဉ်များကို ဖော်ဆောင်ရန်” **(OHCHR 2006: Paragraph 32)**ဖော်ပြထားသည်။

“ဌာနေတိုင်းရင်းသားလူမျိုးများ၏ သိပ္ပံပညာ၊ စာပေနှင့် အနုပညာထုတ်ကုန်များအား ကာကွယ်ရန်အတွက် လုပ်ငန်းစဉ်များအား ဖော်ဆောင်ရန်” အား **ICESCR**စာချုပ်အဖွဲ့ဝင်နိုင်ငံတစ်ခုအနေဖြင့် “အလေးထားဦးစားပေးဆောင်ရွက်ရန်” **(OHCHR 2013: 20-21; OHCHR 2006: Paragraph 32)** အထွေထွေသဘောထားမှတ်ချက်၁၂မှ ပြောကြားထားသည်။

အလားတူပင် မြေယာ၊ နယ်နမိတ်နှင့် အရင်းအမြစ်များအား "ဌာနေ တိုင်းရင်းသားလူမျိုး စာရေးသူများနှင့်ပတ်သက်၍ လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း စည်းမျဉ်း များအား လေးစားရန်"နှင့် "-သင့်လျော်လျှင် သင့်လျော်သလို၊ ဌာ နေတိုင်းရင်းသားလူမျိုးများ၏ ထုတ်လုပ်မှုများမှ ရရှိလာသော အကျိုး အမြတ်များအားဖြင့် စုပေါင်းစီမံဆောင်ရွက်ခြင်းအတွက် အထောက် အကူပေးရန်။" **(OHCHR 2013: 20-21; OHCHR 2006: Paragraph 32).** အထွေထွေသဘောထားမှတ်ချက်၁၇မှ စာချုပ် ဝင်နိုင်ငံများအား တိုက်တွန်းထားသည်။

# ၆

# သစ်တောဥပဒေ



# သစ်တောဥပဒေ

## (၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်အမှတ် ၂၉ ။)
## ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
## (၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက် )

၇။ ဝန်ကြီးဌာနသည် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

**(ဃ) ဒေသခံများမှ ၎င်းတို့၏ ဓလေ့ထုံးတမ်းအရ ထိန်းသိမ်းထားသည့် သဘာဝသစ်တောများနှင့် ဒီရေတောများကို အသိအမှတ်ပြုနိုင်သည်။**

၁၀

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့်(၂၀၁၈ ခုနှစ်)

ရိုးရာယဉ်ကျေးမှု
ဓလေ့ထုံးတမ်းအစဉ်အလာအရ
သတ်မှတ်မြေများကို ကျါဥပဒေနှင့်
သက်ဆိုင်ခြင်း မရှိစေရတဲ့



# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်(၂၀၁၈ ခုနှစ်)

## (၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄။)
## ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၂ရက်
## (၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ရက်)

၂၆။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေ ပုဒ်မ ၃၀၏ နောက်တွင် ပုဒ် ၃၀-ကအဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**၃၀-က။ အောက်ပါမြေအမျိုးအစားများကို စီမံခန့်ခွဲခြင်းသည် ဤဥပဒေနှင့် သက်ဆိုင်ခြင်းမရှိစေရ -**

(ခ) ဒေသခံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း စဉ်လာအရ သတ်မှတ်မြေများ။